# Ehime University

**၁။ တက္ကသိုလ်အကြောင်း အကျဉ်း**

Ehime တက္ကသိုလ်သည် ဂျပန်နိုင်ငံတွင် ရှေးအကျဆုံးရေပူစမ်း၊ နာမည်ကြီးကျော်ကြားသော Haiku ကဗျာများနှင့် လက်ရာမွန်စာပေကောင်းများရှိသော Matsuyama မြို့တော်တွင် တည်ရှိပါသည်။ ဤတက္ကသိုလ်တွင် ဘွဲ့ကြိုဘာသာရပ်ဌာန (၇)ခုနှင့် ဘွဲ့လွန်ဌာနများရှိသည့်အပြင် နိုင်ငံတကာအဆင့်ခေတ်မီသုတေတနများဆောင်ရွက်နေသော ကမ်းရိုးတန်းဂေဟဗေဒစင်တာ၊ ကမ္ဘာ့မြေနက်ပိုင်း Dynamics စင်တာ၊ Proteo Science စင်တာ စသည့်အဆောက်အဦများနှင့် တက္ကသိုလ်ဆေးရုံ စသည်တို့ဖြင့် စုံလင်လှသော Shikoku ကျွန်း၏ အထွေထွေတက္ကသိုလ်ကြီးဖြစ်သည်။

**ဘွဲ့ကြိုဘာသာရပ်ဌာနများ**

လူမှုရေးပူးပေါင်းဆောင်ရွက်မှုဌာန၊ ဥပဒေနှင့်စာပေဌာန၊ ပညာရေးဌာန၊ သိပ္ပံပညာဌာန၊ အင်ဂျင်နီယာပညာဌာန၊ စိုက်ပျိုးရေးပညာဌာန၊ ဆေးပညာဌာန

**ဘွဲ့လွန်ဌာနများ**

ဥပဒေနှင့်စာပေဘွဲ့လွန်ဌာန၊ ပညာရေးဘွဲ့လွန်ဌာန၊ အင်ဂျင်နီယာနှင့် သိပ္ပံဘွဲ့လွန်ဌာန၊ ညွန့်ပေါင်းစိုက်ပျိုးရေးဘွဲ့လွန်ဌာန၊ စိုက်ပျိုးရေးဘွဲ့လွန်ဌာန၊ ဆေးပညာဆိုင်ရာဘွဲ့လွန်ဌာန

**ကျောင်းသားကျောင်းသူဦးရေ**

ဘွဲ့ကြိုသင်တန်းများတွင် ၈,၂၂၈ ယောက်၊ဘွဲ့လွန် သင်တန်းများတွင် ၁,၁၀၅ ယောက်

**ပညာတော်သင်ကျောင်းသူကျောင်းသားဦးရေ**

ဘွဲ့ကြိုသင်တန်းများတွင် ၈၈ ယောက်၊ ဘွဲ့လွန်သင်တန်းများတွင် ၁၃၇ ယောက်၊ သုတေသနသင်တန်းတွင် ၈၃ ယောက်



**မြန်မာနိုင်ငံနှင့်ချိတ်ဆက်ထားသောတက္ကသိုလ်များ**

ပုသိမ်တက္ကသိုလ်၊ သန်လျင်နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

**၂။ နိုင်ငံခြားပညာတော်သင်များကို ထောက်ပံ့မှု**

Ehime တက္ကသိုလ်တွင် ပညာတော်သင်များနေထိုင်ရန်အဆောင်ရှိပြီး အများဆုံး ၁၀၄ ဦးဆံ့ပါသည်။ မိမိစရိတ်ဖြင့်ပညာသင်သော ကျောင်းသူကျောင်းသားများအတွက်လည်း Scholarship နှင့် ကျောင်းလခကင်းလွတ်ခွင့်စနစ်ရှိပြီး ထိုသူတို့၏ ၉၀ ရာခိုင်နှုန်းမှာ စီးပွားရေးထောက်ပံ့မှုတစ်ခုခုရရှိပါသည်။

**၃။ နိုင်ငံခြားပညာတော်သင်များအတွက် အလုပ် ဝင်နိုင်ရန် ထောက်ပံ့မှု**

တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ဂျပန်လုပ်ငန်းခွင်သို့ဝင်ရန်မျှော်မှန်းသော ကျောင်းသူကျောင်းသားများအတွက် ဂျပန်စကားနှင့်လုပ်ငန်းခွင်ယဉ်ကျေးမှုကို သင်ကြားပို့ချခြင်းနှင့် Internship စနစ်ဖြင့်လေ့လာမှုဆောင်ရွက်လျက်ရှိပါသည်။ Program ပြီးစီးသူများမှာ ဂျပန်ကုမ္ပဏီများတွင် အလုပ်လုပ်ပြီး အမျိုးမျိုးသောနယ်ပယ်များတွင် အစွမ်းပြလုပ်ကိုင်လျက်ရှိပေသည်။

# Toyohashi University of Technology(TUT)

TUT မှမြန်မာကျောင်းသားများကိုကြိုဆိုပါတယ်။

Toyohashi University of Technology (TUT) သည် အင်ဂျင်နီယာပညာရပ်များနှင့် သုတေသနပြုခြင်းကို အထူးပြုသင်ကြားသော ဂျပန်အစိုးရတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အရည်ချင်းမြင့်မားသော လက်တွေ့ဖန်တီးနိုင်စွမ်းရှိသည့်အင်ဂျင်နီယာနှင့် သုတေသီများစွာကိုမွေးထုတ်ပေးလျက်ရှိပါသည်။

TUT သည် ဂျပန်၏စက်မှုလုပ်ငန်းနယ်မြေဖြစ်သည့်ဂျပန်နိုင်ငံအလယ်ပိုင်း Toyohashi မြို့နယ်တွင်တည်ရှိ၍ သဘာဝပတ်ဝန်းကျင်ပေါ်များပြီး ရာသီဥတုနွေးတဲ့ ဒေသဖြစ်ပါတယ်။

TUT သည်နိုင်ငံတကာပညာသင်ကျောင်းသားများအတွက် သင်ကြားရေးပရိုဂရမ်ကို ထောက်ပံ့ပေးနိုင်ရန်ကြိုးပမ်းလျက်ရှိပါသည်။

တဖန် ယခုနိုင်ငံတကာဆိုင်ရာ အဆင့်မြင့်ကျောင်းတစ်ခုဖြစ်စေရန်အတွက် ကမ္ဘာသုတေသနဗဟိုချက်နယ်မြေအဖြစ် ဆောင်ရွက်နိုင်မည့်ယဉ်ကျေးမှုပေါင်းစုံသော တက္ကသိုလ်နယ်မြေတစ်ခုအား ဖန်တီးထားပါသည်။

TUT တွင်ပညာသင်ကြားရန်ရွေးချယ်သင့်သည့် အားသာချက်များမှာ -

၁။ နိုင်ငံတကာပညာသင်ကျောင်းသားများအတွက် ကျယ်ပြန့်သော Course များရှိခြင်း။

- Undergraduate-master's Program (အင်္ဂလိပ်၊ ဂျပန်နှစ်ဘာသာဖြင့်သင်ကြားနိုင်)
- ဘွဲ့လွန်တန်း (Master)နှင့် ဒေါက်တာ(Ph.D) Program (အင်္ဂလိပ်ဘာသာဖြင့်သင်ကြားနိုင်)
- Mechanical Engineering, Electrical and Electronic Information Engineering, Computer Science and Engineering, Environmental and Life Sciences, Architecture and Civil Engineering စသည့် Department ၅ မျိုးရှိသည်။

၂။ ပညာသင်ကြားရန်နှင့်သုတေသနပြုရန် ကောင်းမွန်သင့်တော်သောကျောင်းပရဝုဏ်

- ကမ္ဘာ့အဆင့်မီပညာရပ်မျိုးစုံသုတေသနစင်တာ (EIIRIS)နှင့်ဆန်းသစ်ခေတ်မီသော သင်ထောက်ကူပစ္စည်းများနှင့် အဆောက်အဦများ စုံလင်စွာတည်ရှိခြင်း။




- ဂျပန်တွင်တက္ကသိုလ်ပေါင်း ၈၀၀ ကျော်ရှိသည့်အနက် TUT သည် ဂျပန်အစိုးရအသိအမှတ်ပြုသော The Program for Promoting The Enchancement of Research Universities နှင့် Top Global University Project မှာရွေးချယ်ခြင်းခံထားရပါသည်။

၃။ သင့်တင့်သောကျောင်းလခ၊ နေထိုင်မှုစရိတ်

- စျေးသက်သာသောကျောင်းလခ- ၅၃၅ ၈၀၀ ယန်း (တစ်နှစ်စာ)
- ဂျပန်အစိုးရနှင့် ပုဂ္ဂလိကဖောင်ဒေးရှင်းများမှ ထောက်ပံ့သော Scholarship Program ၁၆၀ ကျော်ရှိခြင်း။
- တက္ကသိုလ်ပရဝုဏ်အတွင်း သို့မဟုတ် အပြင်ရှိ ကျောင်းသားဆောင်များတွင် နေထိုင်နိုင်ခြင်း။
- မြို့ကြီးများထက်နေထိုင်မှုစရိတ်သက်သာပြီး သွားရေးလာရေးအဆင်ပြေသောနေရာဖြစ်ခြင်း။

https://www.tut.ac.jp/english/

International Affairs Division E-mail: incoming@office.tut.ac.jp

မြန်မာနိုင်ငံတွင် စုံစမ်းရန်လိပ်စာ-

J Compass Japan Study Abroad Center

အမှတ်(၆၂/A)၊ (၃)လွှာ (MOB ဘဏ်အပေါ်ဆုံးထပ်)၊အင်စိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း- ၀၉-၉၆၁၂၁၂၄၂၆ယ ၀၉-၂၆၁၀၃၈၇၆၀

E-mail: jcompass.myanmar@jeducom.com

http://jeducom.com/

# ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ

## EJU: Examination for Japanese University Admission for International Students

EJU ဆိုသည်မှာ ဂျပန်တက္ကသိုလ် (အထူးသဖြင့် ဘွဲ့ကြိုတန်း)သို့ ပညာသင်သွားရောက်လိုသူကျောင်းသားများအတွက် ထားရှိထားသော ဝင်ခွင့်စာမေးပွဲဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ၁၀ တန်းစာမေးပွဲကဲ့သို့ ပညာတော်သင်ကျောင်းသားများဂျပန်တက္ကသိုလ်တက်ရောက်နိုင်ရန်ဖြေဆိုရသောစာမေးပွဲဖြစ်ပါသည်။ EJU နှင့် ဂျပန်တက္ကသိုလ်အသီးသီးမှ ထားရှိထားသောစာမေးပွဲ (စုစုပေါင်းဝင်ခွင့်စာမေးပွဲ ၂ ကြိမ်) ကိုဖြေဆိုပြီး ဝင်ရောက်နိုင်သောတက္ကသိုလ်နှင့် သက်မွေးပညာသင်ကောလိပ်မှာ ၄၃၁ ကျောင်းရှိပါသည်။ ထို့အပြင် ဂျပန်မသွားဘဲမြန်မာနိုင်ငံတွင်ဖြေဆိုခဲ့သော EJU စာမေးပွဲအမှတ်တစ်ခုတည်းဖြင့် တက္ကသိုလ်မှကျင်းပသောစာမေးပွဲမဖြေဘဲ ကျောင်းဝင်ခွင့်ရရှိနိုင်သောတက္ကသိုလ်မှာ ၈၃ ကျောင်း၊ သက်မွေးပညာသင်ကောလိပ် ၄၄ ကျောင်းရှိပါသည်။

အရေအတွက်နည်းသော်လည်း ဘွဲ့လွန်တန်းဝင်ခွင့်အတွက် EJU ကိုအသုံးပြုသောတက္ကသိုလ်မှာ ၅၄ ကျောင်းရှိသည့်အနက် EJU ဖြင့် ဝင်ခွင့်ထုတ်ပေးသောဘွဲ့လွန်တက္ကသိုလ်မှာ ၄ ကျောင်းရှိပါသည်။

စာမေးပွဲကြေးမှာ ၁၅ ဒေါ်လာဖြစ်ပြီး ဘာသာရပ်မှာ ဂျပန်ဘာသာ၊ Science ၊ Japan and the world ၊ သင်္ချာဘာသာရပ်များရှိပြီး ဝင်ခွင့်ဖြေဆိုမည့်တက္ကသိုလ်နှင့်ဘာသာရပ်ပေါ်မူတည်၍ ဖြေဆိုရမည့်ဘာသာရပ် ကွာခြားပါသည်။ Science, Japan and the world နှင့် သင်္ချာဘာသာရပ်၏ စာမေးပွဲမှာ အင်္ဂလိပ်ဘာသာဖြင့်လည်း ဖြေဆိုနိုင်ပါသည်။

* EJU အသုံးပြုသောတက္ကသိုလ်

English webpage

www.jasso.go.jp/en/eju/examinee/use/index.html

Japanese webpage

http://www.jasso.go.jp/ryugaku/study_j/eju/examinee/use/uni_national.html

* EJU အမှတ်တစ်ခုတည်းဖြင့် ဝင်ခွင့်ရနိုင်သောတက္ကသိုလ်၏ ဘာသာရပ်

Japanese webpage

http://www.jasso.go.jp/ryugaku/study_j/eju/examinee/prearrival/uni_national.html

ဂျပန်တက္ကသိုလ်၏ ဘွဲ့ကြိုတန်းနှင့် သက်မွေးပညာသင်ကောလိပ်အများစုသည် ဂျပန်ဘာသာဖြင့်သင်ကြားသည့်အတွက် ဂျပန်ဘာသာအရည်အချင်းလိုအပ်ပါသည်။ JLPT ၏ N1, N2အဆင့်လောက် လိုအပ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့်တက်ရောက်နိုင်သောအတန်းရှိသည့်တက္ကသိုလ်များရှိသော်လည်း ထိုတက္ကသိုလ်များသည် EJU ဖြင့် တက္ကသိုလ်ဝင်ခွင့်ထုတ်ပေးသောတက္ကသိုလ်များစာရင်းတွင်မပါဝင်ပါ။

ထို့အပြင် EJU တွင်အမှတ်ကောင်းကောင်းရရှိသူသည် ဂျပန်ဘွဲ့ကြိုတက္ကသိုလ်၊ Junior College ၊ နည်းပညာဥပစာကောလိပ်၊ သက်မွေးပညာသင်ဥပစာကောလိပ်သို့ ကိုယ်ပိုင်စရိတ်ဖြင့်ပညာသင်သွားမည့် ကျောင်းသား၊ ကျောင်းသူများသည် JASSO မှ Honors Scholarship for Privately-Financed International Students ( ၁ လ ယန်း ၄၈၀၀၀)ကို ကြိုတင် booking လုပ်နိုင်ပါတယ်။ ပုံမှန်အားဖြင့် ၁ နှစ် သို့မဟုတ် ၆ လသာရရှိမှာဖြစ်သော်လည်း ကြိုတင် booking ရရှိထားသူဖြစ်ပြီး တက်ရောက်နေသောကျောင်းတွင်လည်း အမှတ်ကောင်းပါကကျောင်းပြီးသည်အထိ ပညာသင်ဆုရရှိနိုင်ပါသည်။

**၂၀၁၈ ခုနှစ် EJU စာမေးပွဲကျင်းပမည့်ရက်-**

ပထမအကြိမ် ၆ လ ၁၇ ရက် (တနင်္ဂနွေ)

ဒုတိယအကြိမ် ၁၁ လ ၁၁ ရက် (တနင်္ဂနွေ)

**စာမေးပွဲဖြေရမည့်နေရာ-**

Myanmar Association of Japan Alumni (MAJA), Yangon

လျှောက်လွှာတင်ရမည့်ရက်-

ဒုတိယအကြိမ်လျှောက်လွှာတင်ရက်-

၇ လ ၂ ရက်မှ ၇ လ ၂၇ ရက်

ပထမအကြိမ် ၆ လပိုင်းစာမေးပွဲ၏ လျှောက်လွှာတင်ရက်မှာ ၃ လ ၉ ရက်နေ့တွင်ပြီးဆုံးခဲ့ပါသည်။

**လျှောက်လွှာတင်ရမည့်နေရာ-**

Myanmar Association of Japan Alumni (MAJA), 707,7F, Bldg.- C, Pearl Condo, Kaba Aye Pagoda Rd., Bahan Township.

Phone: 09-42861-2151, 09-262602121

* **ဂျပန်တွင်ဆက်သွယ်စုံစမ်းရန်-**

Japan Student Services Organization(JASSO)

Phone: +81-3-6407-7457

OJEIC တွင် EJU မေးခွန်းများထားရှိထားသည့်အတွက် OJEIC တွင်လာရောက်လေ့လာနိုင်ပါသည်။ ထို့ပြင် လစဉ် EJU မေးခွန်းဟောင်းလေ့ကျင့်ဖြေဆိုပွဲကိုလည်း OJEIC တွင်ကျင်းပပေးလျက်ရှိပါသည်။ စိတ်ဝင်စားသူများ OJEIC တွင်မေးမြန်းစုံစမ်းနိုင်ပါသည်။ ထို့အပြင် ဂျပန်ပညာတော်သင်နှင့်ပတ်သက်သောအချက်အလက်များကိုအသေးစိတ်စုံစမ်းမေးမြန်းလိုပါက OJEIC သို့ ကြွရောက်ခဲ့ဖို့ဖိတ်ခေါ်ပါတယ်။




OJEIC Facebook-

https://www.facebook.com/StudyinJapanOfficeYangon/

☆ **OJEIC (Okayama University Japan Educational Information Center)**

R 322-A, (Japan Culture House ဘေးခန်း), Bldg.-C, Pearl Condo, KabaAye Pagoda Rd, Yangon. Tel: 09-2618-410-54

ရုံးချိန်- တနင်္လာနေ့မှ စနေနေ့

နံနက် ၉း၀၀ မှ ညနေ ၅း၀၀